## ဓမ္မခန္ဓာ (၇၉) လျှပ်တပြက်စီးနင်းသူများ (အန်–နာဇိအာတ်)

ဥဂ္ဂဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၁)၊ သုတ်ဒေသနာ (၄၆)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **وَالنَّازِعَاتِ غَرْقًا۞**<br>ဆောင့်နှစ်၍ ဆွဲထုတ်သူများအားဖြင့်– |
| ၂။ | **وَالنَّاشِطَاتِ نَشْطًا۞**<br>ညှင်သာသိမ်မွေ့စေသော ညှင်သာစေသူများအားဖြင့်– |
| ၃။ လုပ် | **وَالسَّابِحَاتِ سَبْحًا۞**<br>**ခေါင်းသုံး**စရာ၌ **ခေါင်းသုံး**စဉ်းစားသူများအားဖြင့်– |
| ၄။ | **فَالسَّابِقَاتِ سَبْقًا۞**<br>လက်ဦးမှုရအောင် လက်ဦးမှုယူသူများအားဖြင့်– |
| ၅။ | **فَالْمُدَبِّرَاتِ أَمْرًا۞**<br>ညွှန်ကြားချက်အား ကျောထောက်နောက်ခံပြုသူများအားဖြင့်–[၁၁၂၂] |
| ၆။ | **يَوْمَ تَرْجُفُ الرَّاجِفَةُ۞**<br>အတုန်လှုပ်ကြီး တုန်လှုပ်ရသည့် နေ့ကာလမှ၊ |
| ၇။ | **تَتْبَعُهَا الرَّادِفَةُ۞**<br>နောက်မှကပ်လျှက် လိုက်နေခြင်းအားဖြင့်– |
| ၈။ | **قُلُوبٌ يَوْمَئِذٍ وَاجِفَةٌ۞**<br>စိတ်နှလုံးတို့သည် ထိုနေ့ကာလ၌ ဖိအားပေးခံနေရ၍– |
| ၉။ | **أَبْصَارُهَا خَاشِعَةٌ۞**<br>အမြင်များသည် ကျိုးငွဲ့နေ၍– |
| ၁၀။ | **يَقُولُونَ أَئِنَّا لَمَرْدُودُونَ فِي الْحَافِرَةِ۞**<br>သူတို့က ပြောကြမည်မှာ “ကျွန်ုပ်တို့သည် ယခင်မူလအတိုင်း ပြည်လည်ဖြစ်ရမည်လော– |

---

(၁၁၂၂) ဤသုတ်တော်များမှ ပုဂ္ဂိုလ်များမှာ ၇၇း၁–၅ တွင် ဖော်ပြသော ပုဂ္ဂိုလ်များကဲ့သို့ သူ့ကဏ္ဍနှင့်သူ အရေးပါ စွမ်းဆောင်နိုင်သော လူသား အရည်အချင်းရှိသည့် လူသားများကို ပုံဆောင်ခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၁၁။ | أَئِذَا كُنَّا عِظَامًا نَّخِرَةً۞<br>မည်သို့နည်း၊ ကျွန်ုပ်တို့မှာ ကြေမွဆွေးမြေ့သော အရိုးတို့ ဖြစ်ခဲ့ပြီ မဟုတ်လော၊''ဟု ဖြစ်၏။ |
| ၁၂။ | قَالُوا تِلْكَ إِذًا كَرَّةٌ خَاسِرَةٌ۞<br>သူတို့က ''ယင်းသည် ဆုံးရှုံးရသော အလှည့်ပင်၊''ဟု ဆက်ပြောကြလတ္တံ့။ |
| ၁၃။ | فَإِنَّمَا هِيَ زَجْرَةٌ وَاحِدَةٌ۞<br>ယင်းသည် အော်ဟောက်သံ တစ်ချက်သာ ဖြစ်၏။ |
| ၁၄။ | فَإِذَا هُم بِالسَّاهِرَةِ۞<br>သို့ဖြင့် သူတို့သည် ရှင်ပြန်ခဲ့ရလတ္တံ့။ |
| ၁၅။ | هَلْ أَتَاكَ حَدِيثُ مُوسَى۞<br>မူဆာအကြောင်း ဆင့်ပြန်ချက် သင့်ထံသို့ ရောက်လာစေပြီလော။ |
| ၁၆။ | إِذْ نَادَاهُ رَبُّهُ بِالْوَادِ الْمُقَدَّسِ طُوًى۞<br>ကံကြမ္မာရှင်က သူ့အား မြတ်သော တောင်ခြေ ချိုင့်ဝှမ်း၌ ခေါ်တော်မူ၍– |
| ၁၇။ | اذْهَبْ إِلَى فِرْعَوْنَ إِنَّهُ طَغَى۞<br>ဖာရိုးထံသို့ သွားလော့၊ သူသည် စည်းဖျက်သူ ဖြစ်၏။ |
| ၁၈။ | فَقُلْ هَل لَّكَ إِلَى أَن تَزَكَّى۞<br>သူ့အားပြောရမည်မှာ– ''သင်သည် သန့်ရှင်းဖြူစင်လိုမှု ရှိသလော၊– |
| ၁၉။ | وَأَهْدِيَكَ إِلَى رَبِّكَ فَتَخْشَى۞<br>သင်သည် ကြောက်ရွံ့ရိုသေအံ့ငှာ–သင့်အား ကံကြမ္မာရှင်၏ ထံသို့ ကျွန်ုပ်သည် လမ်းညွှန်ပါရစေ၊''ဟု ဖြစ်၏။ |
| ၂၀။<br>ဖာရိုး<br>အား | فَأَرَاهُ الْآيَةَ الْكُبْرَى۞<br>သို့ဖြင့် သူသည် **၎င်းအား** ကြီးကျယ်သော နိမိတ်လက္ခဏာကို မြင်စေ၏။ |
| ၂၁။<br>ဖာရိုး<br>သည် | فَكَذَّبَ وَعَصَى۞<br>သို့သော် **၎င်းသည်** ငြင်းဆန်၏၊ အာခံ၏။ |
| ၂၂။ | ثُمَّ أَدْبَرَ يَسْعَى۞<br>ထို့နောက် လုံးပန်း၍ ကျောထောက်နောက်ခံရှာ၏။ |
| ၂၃။<br>ဖာရိုး<br>သည် | فَحَشَرَ فَنَادَى۞<br>**၎င်းသည်** စည်းရုံး၏ ဖိတ်ခေါ်၏။ |
| ၂၄။ | فَقَالَ أَنَا رَبُّكُمُ الْأَعْلَى۞<br>၎င်းက ''ကျွန်ုပ်သည် သင်တို့၏ ကံကြမ္မာရှင်ဖြစ်၏။ အထွဋ်အထိပ် ဖြစ်၏''ဟု ဆို၏။ |
| ၂၅။ | فَأَخَذَهُ اللَّهُ نَكَالَ الْآخِرَةِ وَالْأُولَى۞ |

| | |
|---|---|
| | သို့ဖြင့် ပရမတ်ဘုရားရှင်သည် ၎င်းအား သိမ်းယူလိုက်ပြီ၊ နောက်ခေတ် ရှေးခေတ်အတွက် နမူနာတစ်ရပ် ဖြစ်စေ၏။ |
| ၂၆။ | إِنَّ فِي ذَٰلِكَ لَعِبْرَةً لِّمَن يَخْشَىٰ ۞<br>ကေန်ပင် ကြောက်ရွံ့ရိုကျိုးတတ်သူတို့အဘို့ ဤ၌ သခ်ိန်းစာတစ်ရပ် ရှိနေ၏။ |
| ၂၇။ | أَأَنتُمْ أَشَدُّ خَلْقًا أَمِ السَّمَاءُ ۚ بَنَاهَا ۞<br>သို့တည်းမဟုတ် အာကာသကို တည်ဆောက်သော အရှင် အတွက် သင်တို့အား ဖြစ်တည်စေခြင်းက ပို၍ အားစိုက်ရသလော၊ |
| ၂၈။ | رَفَعَ سَمْكَهَا فَسَوَّاهَا ۞<br>အရှင်သည် ၎င်း၏ မျက်နှာကျက်ကို မြှင့်မြှောက်ထား၏ ၎င်းကို ပုံစံချ၏။ |
| ၂၉။ | وَأَغْطَشَ لَيْلَهَا وَأَخْرَجَ ضُحَاهَا ۞<br>အရှင်သည် ၎င်း၏ ညကို အုံ့မှိုင်းစေ၏၊  နေပူချိန်ကို ထွက်ပေါ်စေ၏။ |
| ၃၀။<br>၃၉း၅ | وَالْأَرْضَ بَعْدَ ذَٰلِكَ دَحَاهَا ۞<br>ကမ္ဘာပြိုလ် ဤနောက် ၎င်းကို ကြက်ဥပုံ ဖြစ်စေ၏။[၁၁၂၃] |
| ၃၁။ | أَخْرَجَ مِنْهَا مَاءَهَا وَمَرْعَاهَا ۞<br>ထိုမှ ၎င်း၏ ရေနှင့် ၎င်း၏ ထိန်းကျောင်းရာကို ထွက်ပေါ်စေ၏။ |
| ၃၂။ | وَالْجِبَالَ أَرْسَاهَا ۞<br>တောင်တန်ကြီးများကို အမြစ်ကုပ်ခိုင်မာစေ၏။ |
| ၃၃။ | مَتَاعًا لَّكُمْ وَلِأَنْعَامِكُمْ ۞<br>သင်တို့အတွက်၊ သင်တို့၏ တိရိစ္ဆာန်များအတွက် ချမ်းမြေ့စေရန် ဖြစ်၏။ |
| ၃၄။ | فَإِذَا جَاءَتِ الطَّامَّةُ الْكُبْرَىٰ ۞<br>ထို့နောက် ကြီးမားသော ပေါက်ကွဲမှု ရောက်လာသောအခါ၊– |
| ၃၅။ | يَوْمَ يَتَذَكَّرُ الْإِنسَانُ مَا سَعَىٰ ۞<br>လူသားသည် သူလုံ့ပန်းခဲ့သမျှကို ဆင်ခြင်သတိရှိစေသော နေ့ကာလ ဖြစ်၏။ |
| ၃၆။ | وَبُرِّزَتِ الْجَحِيمُ لِمَن يَرَىٰ ۞<br>မြင်တတ်သူအဘို့ ငရဲမီးသည် ချဉ်းကပ်လာနေပြီ။ |
| ၃၇။ | فَأَمَّا مَن طَغَىٰ ۞<br>ယင်းမှာမူ စည်းဖျက်သူတို့ အတွက်– |
| ၃၈။ | وَآثَرَ الْحَيَاةَ الدُّنْيَا ۞<br>လောကီ ဘဝအား လိုက်မြဲလိုက်သူ– |

(၁၁၂၃) အာရ်ဗီစကားလုံး دَحَاهَا **ဒဟာဟာ** သည် ကျမ်းမြတ်ကုရ်အာန်တွင် ဤ ၁ ကြိမ်သာ ပါဝင်၍ ကြက်ဥဟု အနက်ကိုပေးသည့် **ဒဟာဟ်** ဟူသော စကားလုံးမှ ဆင့်ပွားလာခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၃၉။ | **فَإِنَّ الْجَحِيمَ هِيَ الْمَأْوَى۞**<br>ကေန်ပင် ငရဲမီးသည် သူ၏ ခိုလှုံရာ ဖြစ်၏။ |
| ၄၀။ | **وَأَمَّا مَنْ خَافَ مَقَامَ رَبِّهِ وَنَهَى النَّفْسَ عَنِ الْهَوَى۞**<br>သို့သော် ကံကြမ္မာရှင်၏ရှေ့၌ ကြောက်ရွံ့ရိုကျိုးစွာ ရပ်တည်သူ၊ ဉာဉ်စရိုက်အား လိုဘများမှ ဟန့်တားခဲ့သူတို့ အတွက်မူ– |
| ၄၁။ | **فَإِنَّ الْجَنَّةَ هِيَ الْمَأْوَى۞**<br>ကေန်ပင် ဥယျာဉ်ဘုံသည် သူ၏ ခိုလှုံရာ ဖြစ်၏။ |
| ၄၂။ | **يَسْأَلُونَكَ عَنِ السَّاعَةِ أَيَّانَ مُرْسَاهَا۞**<br>ရပ်တန့်နေမည့် အချိန်နာရီ အကြောင်းနှင့် စပ်လျဉ်း၍ သူတို့က သင့်အား မေးမြန်းကြ၏။ |
| ၄၃။ | **فِيمَ أَنتَ مِن ذِكْرَاهَا۞**<br>သင် သတိပေါ်ပေးနေသော ထိုအကြောင်းပင် ဖြစ်၏။ |
| ၄၄။ | **إِلَى رَبِّكَ مُنتَهَاهَا۞**<br>၎င်း၏ အွန္တိမပန်းတိုင်သည် ကံကြမ္မာရှင်ထံသို့ ဖြစ်၏။[၁၁၂၄] |
| ၄၅။ | **إِنَّمَا أَنتَ مُنذِرُ مَن يَخْشَاهَا۞**<br>အသင်သည်ကား ၎င်းအား ကြောက်ရွံ့တတ်သူတို့အတွက်သာ သတိပေးသူ ဖြစ်၏။ |
| ၄၆။ | **كَأَنَّهُمْ يَوْمَ يَرَوْنَهَا لَمْ يَلْبَثُوا إِلَّا عَشِيَّةً أَوْ ضُحَاهَا۞**<br>၎င်းကို သူတို့ မြင်တွေ့ရသောနေ့၌၊ နေပူချိန် သို့မဟုတ် ညဦးချိန်သာ သူတို့ နေထိုင်ခဲ့ရ သကဲ့သို့ ဖြစ်လတ္တံ့။[၁၁၂၅] |

---

(၁၁၂၄) ထိုအရာ၏ နောက်ဆုံး အဆုံးအဖြတ်သည် ကံကြမ္မာရှင်၏ ထံမှသာ ဖြစ်၏၊ ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

(၁၁၂၅) သူတို့အတွက် သတိပေးထားသော နေ့ကာလအား ဆိုက်မြိုက်သော ကာလ၌– သူတို့သည် လောကီစည်းစိမ်အား ခံစားနေခဲ့ရသည်မှာ တစ်နေ့၏ အစိတ်အပိုင်း နံနက်ခင်း တစ်ခု၊ သို့မဟုတ် ညနေခင်း တစ်ခုမျှသာ ဖြစ်ခဲ့သည်ဟု ခံစားရလတ္တံ့။